BURMA NEWS INTERNATIONAL
@BNIBURMA NEWS INTERNATIONAL
YGNOFFICE@BNIONLINE.NET
WWW.BNIONLINE.NET

# "Development Media Group(DMG)မှ သတင်းထောက်နှင့် ဝန်ထမ်းတစ်ဦးအား စစ်ကောင်စီက ထောင်နှစ်ရှည် ချမှတ်မှုအပေါ် ကန့်ကွက်ရှုတ်ချခြင်း”

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်။

## ထုတ်ပြန်ကြေညာချက်

နိုင်ငံတကာမြန်မာ့သတင်း(Burma News International - BNI) ကွန်ရက်၏ အဖွဲ့ဝင် မီဒီယာအဖွဲ့အစည်း တစ်ခုဖြစ်သော Development Media Group (DMG) ၏ သတင်းထောက် ကိုထက်အောင်နှင့် ရုံးဝန်ထမ်း ကိုစိုးဝင်းအောင်တို့ကို နိုင်ငံတော် စီမံခန့်ခွဲမှု ကောင်စီ (စစ်ကောင်စီ) က ဇွန်လ ၂၈ရက်နေ့တွင် ထောင်ဒဏ် ၅ နှစ်စီ ချမှတ်လိုက်သည့်အပေါ် BNI နှင့် အဖွဲ့ဝင် အဖွဲ့အစည်း အားလုံးက မတရားသောလုပ်ရပ်အဖြစ် ကန့်ကွက် ရှုတ်ချလိုက်သည်။

BNI ၏ မူဝါဒရေးရာ ကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဇော်က “သတင်းသမားတွေ သတင်းသမား အလုပ်လုပ်တဲ့အပေါ် ရာဇဝတ်ပြစ်မှုတွေနဲ့ အရေးယူလိုက်တာဟာ သတင်းလွတ်လပ်ခွင့်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက် တားမြစ်လိုက်တာ ဖြစ်တယ်။ ဖမ်းဆီးမှု၊ အသုံးပြုတဲ့ ဥပဒေနဲ့ ပြစ်ဒဏ်ချမှတ်မှုတွေဟာ တရားမျှတမှု လုံးဝ မရှိဘူး” ဟု ပြောသည်။

DMG သတင်းဌာန၏ သတင်းထောက် ကိုထက်အောင်ကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဝက်ပါကွင်းတွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ရက်နေ့က ပြုလုပ်သည့် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းပွဲတွင် ဓါတ်ပုံရိုက်သည့်အတွက် စစ်ကောင်စီက မတရား စစ်ဆေး ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း Development Media Group က စီရင်ချက်ချသည့်နေ့တွင်ပင် သတင်းထုတ်ပြန်ထားသည်။

စစ်ကောင်စီဘက်က သတင်းထောက် ကိုထက်အောင်ကို ဖမ်းဆီး၊ ခြိမ်းခြောက်ကာ DMG ရုံးတည်ရှိရာကို လိုက်ပြခိုင်းခဲ့ပြီး ရုံးတွင်ရှိနေသော ညစောင့် ကိုစိုးဝင်းအောင်အား ထပ်မံ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ကိုစိုးဝင်းအောင်မှာ ဥပဒေနှင့်မညီသည့် မည်သည့်လုပ်ရပ်ကိုမျှ လုပ်ဆောင်ခြင်းမရှိဘဲ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅နှစ် ချမှတ်ခံလိုက်ရခြင်းဖြစ်သည်။

ကိုထက်အောင်နှင့် ကိုစိုးဝင်းအောင်တို့ နှစ်ဦးအား ဖမ်းဆီးထားစဉ် စစ်ကြောရေးသို့ ပို့ဆောင် စစ်ဆေးခဲ့ရုံ သာမက အစောပိုင်းတွင် ဆက်သွယ်ရေးပုဒ်မဖြင့် တရားစွဲဆိုထားခဲ့ပြီး ချုပ်ရမန် ပြည့်သည့်အချိန်တွင် "ဆိုင်ကယ်ခိုးမှု" ဖြင့် ထပ်မံ ရမန်ယူထားပြီး နောက်ပိုင်းတွင်မှ အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေပုဒ်မ များဖြင့် ပြောင်းလဲ တရားစွဲခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် DMG သတင်းဌာနမှ အယ်ဒီတာများနှင့် သတင်း ထောက်များ အပါအဝင် ဝန်ထမ်း ၁၈ဦးကိုလည်း စစ်ကောင်စီက ဖမ်းဝရမ်းများ ထုတ်ထားခဲ့သည်။

"ဒီလိုလုပ်ရပ်တွေဟာ လွတ်လပ်တဲ့ သတင်းမီဒီယာတွေရဲ့ရပ်တည်မှု၊ သတင်းရယူပိုင်ခွင့်နှင့် ပြည်သူလူထုရဲ့ သတင်းရပိုင်ခွင့်တွေကို တားမြစ်ပိတ်ပင်တာဖြစ်တယ်။"ဟု BNI ၏ မီဒီယာဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ မအားမီက ပြောသည်။

အလားတူ BNI ၏ ရခိုင်အခြေစိုက် အခြားအဖွဲ့ဝင် အဖွဲ့အစည်းဖြစ်သော နိရဉ္စရာသတင်းဌာနမှ အယ်ဒီတာ ချုပ် ခိုင်မြတ်ကျော်ကိုလည်း ဆက်သွယ်ရေးပုဒ်မ၊ မတရားအသင်းဆက်သွယ်မှုပုဒ်မများ အပါအဝင် ပုဒ်မ ၃ခုဖြင့် ဖမ်းဝရမ်းထုတ်ထားပြီး သတင်းသမား ၁၀ဦးခန့်ကိုလည်း ဖမ်းဝရမ်းများထုတ်ထားသည့်အတွက် သတင်းဌာနကို ရခိုင်ပြည်နယ်တွင် တရားဝင် ရပ်တည်ခွင့်မရှိဘဲ သတင်းလုပ်ငန်းများကို တိမ်းရှောင်လုပ် ကိုင်နေကြရသည်။

သို့ဖြစ်ရာ နိုင်ငံတကာမြန်မာ့သတင်း-BNI အနေဖြင့် DMG သတင်းဌာနမှ ဝန်ထမ်းနှစ်ဦးအပေါ် အလုပ် ကြမ်းနှင့် နှစ်ရှည်ထောင်ဒဏ် ချမှတ်မှုကို ကန့်ကွက်ရှုတ်ချလိုက်ပြီး ရခိုင်ပြည်နယ်သာမက တစ်နိုင်ငံလုံးတွင် သတင်းလွတ်လပ်ခွင့် ပိတ်ပင်မှုနှင့် သတင်းသမားများအပေါ် ဖိနှိပ်မှုများကို အမြန်ဆုံး ရပ်တန့်ရန်နှင့် ဖမ်းဆီးထားသော သတင်းသမားများအားလုံး ပြန်လွတ်ပေးရန် တောင်းဆိုလိုက်သည်။

**နိုင်ငံတကာ မြန်မာ့သတင်း**

Burma News International (BNI)

ဆက်သွယ်ရန်

ကိုကိုဇော် - +66 962878632 (signal)

အားမီ - +66984372773 (signal)